ဆောင်ရွက်ပါသည်။ collecter အဖြစ် sodium isobutyl xanthate(SIBX)ကို အသုံးပြုပါသည်။ frothers အဖြစ် methyl isobutyl carbinol (MIBC)ကိုအသုံပြုပြီး modifier(PH ထိန်းညှိပစ္စည်း) အဖြစ် caustic soda(NaoH)နှင့်sulphuric acid ကို အသုံပြုပါသည်။ floatation cells ကို rougher cells နှင့် scavenger cells အဖြစ် နှစ်ဆင့်ဆောင်ရွက်ထားရှိပါသည်။ floatation cells များမှ copper concentration အမှုန်ကိုသန့်စင်ထုတ်လုပ်ပြီး မလိုအပ်သောသဲမှုန်၊ ခဲမှုန်များကို စွန့်ပစ်ကန်သို့စွန့်ပစ်ပါသည်။

၅-(စ-၁) ထုတ်လုပ်မှုနည်းစဉ်



ပုံ (၉) Process Flow chart for Production

ပုံ(၁၀)crusher

(ပုံ –၁၁)Crusher ကျောက်ခွဲစက်မှ အာလိန်ဖြင့် Ball mail သို့

(ပုံ -၁၂)

(ပုံ -၁၃) floatation cell

ပုံ(၁၄)floatation cell no(1)

ပုံ(၁၅) Floatation cell no (2)

ပုံ(၁၆) ပြန်လည်အသုံးပြုမည့် စွန့်ပစ်ရေကို ယာယီသိုလှောင်ထားသည့် စွန့်ပစ်အုတ်ကန်

ပုံ(၁၇)မီးစက်

ပုံ(၁၈)အာလိန်

၅(ဆ) စက်ပစ္စည်းနှင့်ယန္တရားများအင်အားစာရင်း

စဉ်	စက်ပစ္စည်းနှင့်ယန္တရားအမျိုးအစား	အရေအတွက်	မှတ်ချက်
၁။	ball mail	၁	
၂။	အာလိန်	၁	
၃။	ကျောက်ခွဲစက် (Crusher)	၁	
၄။	convayer	၁	
၅။	မီးစက် ၂၀၀ KW	၁	

၅-(ဇ) လုပ်သားအင်အားအသုံးပြုမှု

MYANMAR LANYU MINING Co; LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံသည် (၂၀၁၉) ခုနှစ်မှစတင်လည်ပတ်ရန်စီစဉ်ပြီး စက်ရုံတွင် အမျိုးသားဝန်ထမ်း (၆)ဦးနှင့် အမျိုးသမီးဝန်ထမ်း (၂)ဦးရှိပါသည်။ တစ်နေ့လျှင်မနက်(၈-၁၂)-နေ့(၁-၅)နာရီထိ အလုပ်လုပ်ချိန် စုစုပေါင်း (၈)နာရီ နေ့ဆိုင်းတစ်ဆိုင်းသာ စက်ရုံ လည်ပတ်ပါသည်။ ၎င်းဝန်ထမ်း၏ ကျန်းမာရေးကိစ္စအဝဝနှင့် နေထိုင်ရေးကိစ္စများကို စက်ရုံရှိဝန်ထမ်းများအား လူမှုဖူလုံရေးဥပဒေနှင့် အညီ စောင့်ရှောက်မှု များဆောင်ရွက်ထားရှိပါသည်။

၅(ဈ) တစ်နှစ်စက်လည်ပတ်ရက်

စက်ရုံသည် တည်ဆောက်ဆဲသာဖြစ်ပြီး အမှန်လည်ပတ်ချိန်တွင် တစ်နှစ်စက်လည်ပတ်ရက် (၂၀၀) ခန့်လည်ပတ်နို်မည် ခန့်မှန်းထားပါသည်၊

၅-(ည) ထုတ်လုပ်သည့် ထုတ်ကုန်အမျိုးအစား

MYANMAR LANYU MINING Co; LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံသည် ထုတ်ကုန်အမျိုးအစားမှာကြေးနီပါဝင်မှုများသောမြေစာ ဖြစ်ပါသည်။ အခြားထွက်ကုန်အမျိုးအစား By Product မရှိပါ။

၅-(ည-၁) ကုန်ချောထွက်ရှိမှုနှင့်ခန့်မှန်းပမာဏ

စဉ်	အမျိုးအမည်	တစ်ရက်ထွက်ရှိမှု (ခန့်မှန်း)	တစ်လထွက်ရှိမှု(ခန့်မှန်း)	တစ်နှစ်ထွက်ရှိမှု (ခန့်မှန်း)
၁။	သန့်စင်ပြီးကြေးနီပါဝင်သော ကျောက်ကြမ်းမှုန့်	၂ တန်	၂၀ တန်	(၂၀၀) တန်

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း စက်ရုံကို(၂၀၁၉)ခုနှစ်၊ (မေ)လတွင် စက်စမ်းသပ်လည်ပတ်ခဲ့ပါသည်။ အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံကို တရားဝင်လည်ပတ်နိုင်ရန်ဆောင်ရွက်ဆဲဖြစ်ပါသည်၊ စက်ရုံတည်ရှိရာဒေသသည်မိုးအသင့်တင့်များ သောဒေသဖြစ်ခြင်း စက်များ၏ကြံခိုင်ရေးပြုပြင်ရန်အတွက်လည်းကောင်း မမျှော်မှန်းနိုင်သော ပျက်စီးမှုများအတွက်လည်းကောင်းထည့်သွင်း တွက်ချက်မှုကြောင့် တနှစ်လျှင်တန်(၂၀၀)သာ ခန့်မှန်းထားပါသည်၊ လုပ်ငန်းလည်ပတ်ပါက တစ်ရက်၊တစ်လ၊တစ်နှစ် ထွက်ရှိနှုန်း ကိုပြန်လည်၍ တွက်ချက်တင်ပြသွားပါမည်၊ယခုတင်ပြချက်များသည်ခန့်မှန်းတင်ပြချက်များသာဖြစ်ပါသည်။

၅-(၄) ရေလိုအပ်ချက်နှင့် ရေအရင်းအမြစ်

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံသည် လုပ်ငန်းသုံးအတွက်လိုအပ်သောရေကို စက်ရုံအဝီစိတွင်းမှရယူ သုံးစွဲပါသည်။ အရေလိုအပ်ချက်မှာ တစ်လလျှင် ပျမ်းမျှဂါလံ (၁၀၀၀၀၀)ခန့် ဖြစ်ပါသည်။ အလုပ်သမားများအတွက် အထွေထွေသုံးရေကိုလည်း စက်ရုံ၏အဝီစီတွင်းရေကိုသုံးစွဲပြီး၊ သောက်သုံးရေ လိုအပ်ချက် အတွက်ကောလင်းမြို့မှ CENTRAl သောက်ရေသန့်စက်ရုံမှ မှာယူသုံးစွဲပါသည်၊

၅-(၅) စွမ်းအင်လိုအပ်ချက်နှင့် ရယူသုံးစွဲမှု

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံ သည် မီးစက် 200 KW ကို တပ်ဆင်ပြီးသုံးစွဲပါသည်။

၅-(၃) ထုတ်လွှတ်မှုများ

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံ၏ စက်ရုံပတ်ဝန်းကျင်သို့ ထုတ်လွှတ်မှုများ၊ တနည်းအားဖြင့် ပတ်ဝန်းကျင်အပေါ် လွှမ်းမိုးသက်ရောက် နေသော အချက်များကို အောက်ပါ အတိုင်းဖော်ပြ အပ်ပါသည်။

(က) စွန့်ထုတ်အခိုးအငွေ့၊

(ခ) စွန့်ပစ်အဆိုင်အခဲ၊

(ဂ) မြေထုအတွင်းသို့ထုတ်လွှတ်မှုများ၊

(ဃ) ဆူညံသံများ၊တုန်ခါသံများ၊

၅-(ပ) စွန့်ထုတ်အခိုးအငွေ့

MYANMAR LANYU MINING Co; LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံ မှလေထုအတွင်းသို့ထုတ်လွှတ်မှုများမှာ

(၁) ကြေးနီသတ္တုရိုင်းကျောက်ကြမ်းများသယ်ဆောင်ရာမှ ထုတ်လွှင့်မှုများ

(၂) စက်လည်ပတ်မှုများမှ အမှုန်အမွှားလွင့်စင်မှုများ

(၃)Floatation cell အမြှုတ်ကန်များမှ ရေခိုးရေငွေ့များ

(၄) ရေဆိုးကန်မှ ရေခိုးရေငွေ့များ

(၅) သယ်ယူပို့ဆောင်ရေးယာဥ်များမှထွက်ရှိသောဓာတ်ငွေ့များ

(၆)မီးစက်မှ အဓာတ်ငွေ့များ

၅-(ဃ -၁) ကြေးနီသတ္တုရိုင်းကျောက်ကြမ်းများသယ်ဆောင်ရာမှ ထုတ်လွှင့်မှုများ

MYANMAR LANYU MINING Co; LTDအသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် ကြေးနီသတ္တုရိုင်းကျောက်ကြမ်းများကိုသယ်ယူပို့ဆောင်ရေးယဥ်များမှလည်းကောင်း၊ ရွှေ့ပြောင်းရာမှ လည်းကောင်း အမှုန်အမွှားများ လေထုအတွင်းသို့ထုတ်လွှတ်နိုင်ပါသည်။

၅-(ဃ-၂) စက်လည်ပတ်မှုများမှ အမှုန်အမွှားလွှင့်စင်မှုများ

MYANMAR LANYU MINING Co; LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် သတ္တုလုပ်ကွက်များမှတူးဖော်ရရှိလာသော သတ္တုကုန်ကြမ်းများကို crusher ဖြင့် ကြိတ်ခွဲခြင်း၊ Ball mail နှင့်ထပ်မံကြိတ်ခွဲခြင်း၊ froth flotation ဆောင်ရွက်ရန်အတွက် အသင့်ဖြစ်နေသော ကုန်ကြမ်းများကို အာလိန်မှတဆင့်မွှေကန်သို့ပို့ခြင်း။ မွှေကန်တွင်ရေဖြင့်ရောပြီး ဒလက်ဖြင့်မွှေကာ floatation ဆောင်ရွက်ရန်အတွက် slug ဖျော်ခြင်း၊slug ကို (floatation cell)အမြှုတ်ကန်သို့ပို့ပြီး အမြှုတ်ကန်တွင်centrifucal pumps ကို အသုံးပြုပြီး flotation ကို ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းစဉ်တို့ဖြင့် သန့်စင်သည်ဖြစ်သောကြောင့် စက်မောင်းများ၏ မကျွမ်းကျင်မှု ကြောင့်လည်းကောင်း၊ အလျင်စလိုဆောင်ရွက်ခြင်း တို့ကြောင့်လည်းကောင်း အမှုန်အမွှား လွှင့်စင်မှုများရှိနိုင်ပါသည်။

၅-(ဃ-၃) (၃)Floatation cell အမြှုတ်ကန်များမှ ရေခိုးရေငွေ့များ

MYANMAR LANYU MINING Co; LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် flotation cell အမြှုတ်ကန်(၂၀)တွင် centrifugal mortor များအသုံးပြုပြီး လုပ်ငန်းဆောင်ရွက်သဖြင့် ပတ်ဝန်းကျင်အပူချိန်ကြောင့်သော်လည်းကောင်း၊ စက်လည်ပတ်မှုများ ကြောင့်သော်လည်းကောင်း၊ အခိုးအငွေ့များလေထုအတွင်းသို့ ရောက်ရှိနိုင်ပါသည်။

၅-(ဃ-၄) ရေဆိုးကန်မှ ရေခိုးရေငွေ့များ

MYANMAR LANYU MINING Co;LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် flotation cell အမြှုတ်ကန်များမှစွန့်ပစ်ရည်များသည်အများဆုံးဖြစ်ပြီး စွန့်ပစ်ရည်များကို ပြန်လည်အသုံးမပြုမီအနည်ထိုင်စေပါသည်။ ယင်းသို့အနည်ထိုင်စေရာတွင် အခိုးအငွေ့များ လေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။

၅-(၈-၅) သယ်ယူပို့ဆောင်ရေးယာဉ်များမှထွက်ရှိသောဓာတ်ငွေ့များ

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် ကုန်ကြမ်းကုန်ချောများ အတွက်အသုံးပြုသော မော်တော်ယာဉ်များ၏ အင်ဂျင်များမှတစ်ဆင့် လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့များနှင့်ရေခိုးရေငွေ့များ ထုတ်လွှတ်ပါသည်။

၅-။(ဇ) စွန့်ပစ်အဆိုင်အခဲ

MANMAR LANMYU MINING Co;LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင်ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုများကြောင့် မြေထုအတွင်းသို့ ထုတ်လွှတ်နိုင်မှုများကိုအောက်ပါအတိုင်းတင်ပြအပ်ပါသည်။

(၁) လုပ်ငန်းသုံးစွန့်ပစ္စည်းများ၊

(၂) စွန့်ပစ်ရည်များတွင်ပါဝင်သောအစိုင်အခဲများ၊

(၃) process line မှ အဆိုင်အခဲ အလေအလွင့်စွန့်ပစ်မှုများ

(၄) ဝန်ထမ်းများ၏စွန့်ပစ်ပစ္စည်းများ၊

၅။(ဇ – ၁) လုပ်ငန်းသုံး စွန့်ပစ်ပစ္စည်းများ

MYANMAR LANYU MINING Co; LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် အသုံးပြုသော တစ်ခါသုံးနှာခေါင်းစည်းများ၊လက်အိတ်များ၊အိတ်ခွံများနှင့် အခြားအပျက်အစီးများကို စနစ်တကျ စွန့်ပစ်ခြင်းမပြုပါက ပတ်ဝန်းကျင် မြေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။

၅။(ဇ – ၂) စွန့်ပစ်ရည်များတွင်ပါဝင်သောအစိုင်အခဲများ

MYANMAR LANYU MINING Co; LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် ကုန်ချောကန်မှတဆင့် စွန့်ပစ်ကန်သို့ ထွက်ရှိသည့် ရေဆိုးများမှ သဲနှင့်အနည်အနှစ်များ၊ ဝန်ထမ်းများ၏ နေ့စဉ်သုံးစွဲရာမှထွက်ရှိသည့် ရေဆိုးများတွင်ပါလာနိုင်သောအစိုင်အခဲများ စသည်တို့သည် ပတ်ဝန်းကျင်မြေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။

၅။(ဏ – ၃) process line မှ အစိုင်အခဲ အလေအလွင့်စွန့်ပစ်မှုများ

process line မှကျောက်ခွဲစက်၊ ဘောမိန်းစက်နှင့် အာလိန်စက်များလည်ပတ်ရာတွင် သတ္တုကုန်ကြမ်းကျောက်မှုန်များလွင့်စင်ခြင်း၊ ဖိတ်စင်ခြင်းများသည် ပတ်ဝန်းကျင်မြေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။

၅။(ဏ – ၄) ဝန်ထမ်းများ၏စွန့်ပစ်ပစ္စည်းများ

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် လုပ်သားဝန်ထမ်းများ၏ နေ့စဉ်သုံးစွဲရာမှထွက်ရှိသည့် အစားအသောက်ထုပ်ပိုးပစ္စည်းများ၊ တကိုယ်ရည်သုံးပြီး စွန့်ပစ်ပစ္စည်းများ၊ သန့်ရှင်းရေးသုံးပြီး စွန့်ပစ်ပစ္စည်းများတို့သည် ပတ်ဝန်းကျင် မြေထုအတွင်းသို့ထုတ်လွှတ်နိုင်ပါသည်။

၅။(တ) စွန့်ပစ်အရည်

MYANMAR LANYU MINING Co; LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုများကြောင့် ရေထုအတွင်းသို့ ထုတ်လွှတ်နိုင်မှုများကို အောက်ပါ အတိုင်းတင်ပြအပ်ပါသည်။

(၁) စက်လည်ပတ်ရာမှစွန့်ပစ်ရေထွက်ရှိမှုများနှင့်ဖိတ်စင်မှုများ

(၂) စက်များဆေးကြောရာမှထွက်ရှိသောရေဆိုးများ၊

(၃) ရေထုသို့ရောက်ရှိနိုင်သည့်အခြားစွန့်ပစ်ရည်များ

၅။(တ–၁)စက်လည်ပတ်ရာမှစွန့်ပစ်ရေထွက်ရှိမှုများနှင့်ဖိတ်စင်မှုများ

MYANMAR LANYU MINING Co; LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင်အသုံးပြုသောပန့်များ၊ ပိုက်လိုင်းများ၊ မွှေကန်များ၊ floatation cell အမြှုပ်ကန် များမှ ရေလဲလှယ်ခြင်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရေထုအတွင်းသို့ စွန့်ပစ်ရေများ ထုတ်လွှတ်နိုင်ပါသည်။

၅။(တ –၂) စက်များဆေးကြောရာမှထွက်ရှိသောရေဆိုးများ

MANMAR LANMYU MINING Co;LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်း စက်ရုံတွင်process line ရှိ စက်များဆေးကြောခြင်း၊ မွှေကန်များ၊ floatation cell အမြှပ်ကန်များမှ ဆေးကြောရေစွန့်ပစ်ခြင်းနှင့်ဖိတ်စင်မှုများသည်ပတ်ဝန်းကျင်ရေထုအတွင်းသို့ထုတ်လွှတ်နိုင်ပါသည်

၅။(တ–၃) ရေထုသို့ရောက်ရှိနိုင်သည့်အခြားစွန့်ပစ်ရည်များ

MYANMAR LANYU MINING Co; LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် အမှုန်အမွှားများ၊ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် အိတ်ဇောမှထွက်ရှိသောအခိုးအငွေ့များ၊ ရေဆိုးစွန့်ပစ်ကန်မှရေခိုးရေငွေ့များသည် ပတ်ဝန်းကျင်ရေထုအတွင်းသို့ ထုတ်လွှတ်မှုများ ဖြစ်နိုင်ပါသည်။

MYANMAR LANYU MINING Co ; LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံမှ စွန့်ပစ်အရည်အားလုံးကို အဆင့်ဆင့်အနယ်ထိုင်ကန်တွင် sedimentation tank တွင် အချိန်ယူအနယ်ထိုင်စေပြီး စက်ရုံမှပြန်လည်အသုံးပြုပါသည်။

ပုံ(၁၉)ရေဆိုးစွန့်ထုတ်မှုပြပုံ



ပုံ(၂၀)အဆင့်ဆင့် အနယ်ထိုင်ကန်

ပုံ(၂၁)အဆင့်ဆင့်အနယ်ထိုင်ကန်မှ
ရေစုကန်များသို့ ပို့လွှတ်သည့် ရေမြောင်း

ပုံ(၂၂)စုပေါင်းရေဆိုးစုကန်(၁)

၅။(ထ) ဆူညံသံများ၊ တုန်ခါမှုများ

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် ပန့်များနှင့်လျှပ်စစ်မော်တာများ၏အသံများ၊ ကျောက်ခွဲစက်နှင့် ဘောမိန်းတို့မှ အသံများ၊ ဝန်ထမ်းများ၏ လုပ်ငန်းခွင်အသံ၊ ပို့ဆောင်ရေးယာဉ်များ၏အသံများသည် ပတ်ဝန်းကျင်အပေါ် ဆူညံသံများ၊ တုန်ခါမှုများ ဖြစ်ပါသည်။

၅။(ဒ)စီးဆင်းရေနှင့်ရေမြောင်းစနစ်

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံမှ စွန့်ပစ်ရေများကို ရေမြောင်းများ စနစ်တကျ ဖောက်လုပ်ပြီး(၁၀ ပေ x ၁၀ ပေ) အကျယ်ရှိသော အုတ်ကန်(၆)ကန်ဖြင့် အနယ်ထိုင်ထိန်းသိမ်းပြီးမြေသားကန်သို့ပို့လွှတ်ပါသည်။ ရေစီးရေလာ ကောင်းမွန်ပါသည်။ အနယ်ထိုင်မြေသားကန်မှရေကို စက်ရုံသို့ ရေမော်တာဖြင့် ပို့လွှတ်ပြီး ပြန်လည် အသုံးပြုပါသည်။

၆။ လက်ရှိသဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဖော်ပြချက်

၆(က)ဆန်းစစ်ခြင်းပြုလုပ်မည့် နယ်ပယ်

စက်ရုံ၏ ပတ်ပတ်လည် ပေ (၃၀၀)ဝန်းကျင်ကို ဆန်းစစ်ပါမည်။ လေ့လာမည့်နေရာများ ရွေးချယ်သတ်ရခြင်း အကြောင်းအရင်းမှာ စက်ရုံလည်ပတ်ဆောင်ရွက်ပါက စက်ရုံမှ ထုတ်လွှတ်နိုင်သော ထိခိုက်နိုင်မည့်ဧရိယာဝန်းကျင် ကိုသတ်မှတ် လေ့လာခြင်းဖြစ်ပါသည်၊ လက်ရှိသဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် တို့အား အောက်ပါ အကြောင်းအရာ၊ နည်းစနစ်(method)များဖြင့်လေ့လာပါမည်၊

(၁) ပထဝီအနေအထားနှင့် ဇီဝမျိုးခွဲများအခြေအနေကိုလေ့လာခြင်း
(၂)မြေပေါ်ရေအရည်အသွေးနှင့် မြေအောက်ရေအရည်အသွေး နမူနာယူစမ်းသပ်ခြင်း
(၃)လေအရည်အသွေး တိုင်းတာစစ်ဆေးခြင်း
(၄) ဆူညံသံနှင့်တုန်ခါမှုများ တိုင်းတာခြင်း
(၅)မြေနမူနာများကို ဓါတ်ခွဲစစ်ဆေးခြင်း
(၆)လိုအပ်သော သတင်းအချက်အလက်များကို အနီးကျေးရွာတွင်းတွင် ဦးတည်အုပ်စုများဖြင့် ဆွေးနွေးခြင်း

ပုံ(၂၃၊) စက်ရုံ၏တည်နေရာပတ်လည်ဆန်းစစ်မည့်နယ်ပယ်အတိုင်းအတာပြပုံ



ပုံ(၂၄)ကောလင်းမြို့နယ်ပြမြေပုံ

၆။(ခ) ပထဝီဆိုင်ရာ အချက်အလက်များ

ကောလင်းမြို့သည် ယခင်ကစစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အတွင်းတွင် တည်ရှိပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကသာခရိုင်အတွင်းမှ ကောလင်းမြို့နယ်၊ဝန်းသိုမြို့နယ်နှင့် ပင်လယ်ဘူးမြို့နယ်များကို ခွဲထုတ်ကာ ကောလင်းခရိုင် အဖြစ်အသစ်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်၊ကောလင်းမြို့သည်မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၃၈မိနစ် ၄၈စက္ကန့်နှင့် ၂၃ ဒီဂရီ ၅၁မိနစ် ၅၃စက္ကန့်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ဒီဂရီ ၅၇မိနစ်၅၁စက္ကန့်နှင့် ၉၆ ဒီဂရီ ဝမိနစ် ၃၆စက္ကန့်ကြားအတွင်း တည်ရှိပြီး အကျယ်အဝန်းမှာ တောင်နှင့်မြောက်(၁၄)မိုင်၊ အရှေ့နှင့်အနောက် ၄၀.၅၆၆မိုင် ရှိပါသည်။

ကောလင်းမြို့နယ်သည် အရှေ့ဘက်တွင် ထီးချိုင့်မြို့နယ်၊ တောင်ဘက်တွင် ကန့်ဘလူမြို့နယ်၊ အနောက်ဘက်တွင် ကျွန်းလှမြို့နယ် တို့နှင့်ထိစပ်လျက်ရှိပြီး၊ မြောက်ဘက်တွင် ဝန်းသိုမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။

ကောလင်းမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ (၆၀၈)ပေတွင် တည်ရှိပြီး မြေနိမ့်လွင်ပြင် ဖြစ်ကာ ပြန့်ပြူးသောမြေမျက်နှာပြင်ရှိပါသည်။

ကောလင်းမြို့နယ်တွင် ထင်ရှားသောချောင်းမှာ ဒေါင်းမြူးချောင်းဖြစ်ပြီး မြို့အနီးမှ မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းလျက် ရှိပါသည်။

ရာသီဥတု

ကောလင်းမြို့နယ်သည် သမခွေးရာသီဥတုရှိပြီး အမြင့်ဆုံး အပူချိန် (၁၀၆) ဒီဂရီ ဖာရင်ဟိုက်ဖြစ်ပြီးနှင့်အနိမ့်ဆုံး အပူချိန် (၉၀)ဒီဂရီ ဖာရင်ဟိုက်ဖြစ်ပါသည်။ နှစ်အလိုက်ဖြစ် ပေါ်ခဲ့သော မိုးရေချိန်နှင့်အပူချိန်မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်။

စဉ်	ခုနှစ်	မိုးရေချိန်		အပူချိန်	
		မိုးရွာရက်	စုစုပေါင်း မိုးရေချိန်	နွေရာသီ(c)	ဆောင်းရာသီ
				အမြင့်ဆုံး	အနိမ့်ဆုံး
၁	၂၀၁၇	၇၂	၆၀.၁၄	၄၀	၁၂
၂	၂၀၁၈	၈၇	၆၅.၂၇	၃၈	၁၃
၃	၂၀၁၉	၆၆	၄၇.၉၂	၃၈	၁၂
၄	၂၀၂၀	၄၀	၂၇.၈၁	၃၈	၁၂

သဘာဝပေါက်ပင်

ကောလင်းမြို့နယ်တွင် ကျွန်း ပျဉ်းကတိုး၊ ပိတောက်၊ သစ်ရာ ၊ အင်ကြင်း၊ အင် ၊ယင်းမာ ၊ရေတမာ ၊ယမနေ၊နှော ၊တမလန်း ၊ပျဉ်းမ ၊ထောက်ကြံ့ ၊ဖန်းခါး ၊ကျွန်းခေါက်နွယ် ၊ ယင်းတိုက်၊ သစ်စေး ၊တို့ပေါက်ရောက်သည်။

တောရိုင်းတိရစ္ဆာန်များ

ကောလင်းမြို့နယ်အတွင်း တွေ့ရသော တိရစ္ဆာန်များမှာ သမင် ၊ဒရယ် ၊ချေ ၊ဆတ် ၊စိုင် ၊တောဝက် ၊ဖွတ် ၊ပုတက်၊ပွေး ၊မျောက် ၊တို့ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ

ကောလင်းမြို့နယ်သည် ရေမြေတောတောင် ထူထပ်သည့် ဒေသဖြစ်ပြီး လက်ရှိအခြေအနေတွင် သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှု လျော့နည်းပါသည်။

လူမှုစီးပွားပတ်ဝန်းကျင်

ကောလင်းမြို့နယ်သည် ရပ်ကွက်(၈)ခု ၊ကျေးရွာအုပ်စု (၄၆)စု ၊ကျေးရွာ (၂၀၂)ရွာ တို့ဖြင့်ဖွဲ့စည်းထားသည်။ကောလင်းမြို့နယ်အတွင်းတွင် အိမ်ထောင်စု (၃၃၁၃၀)စုရှိပြီး လူဦးရေ ကျား (၇၄၂၀၀) ၊မ (၇၉၉၆၅) ၊စုစုပေါင်း(၁၅၄၁၆၅)ဦးရှိပါသည် ၊ဗမာလူမျိုးအများဆုံးနေထိုင်ပြီး

ရှမ်းလူမျိုးမှာဒုတိယနှင့် ကဒူးလူမျိုးမှာ တတိယအများဆုံးဖြစ်သည် ၊ကချင် ၊ကရင်၊ချင်း ၊မွန် ၊ရခိုင် ၊ကဒူးနှင့် အခြားလူမျိုးအနည်းငယ် နေထိုင်သည်ကို တွေ့ရှိရသည် ။ကိုးကွယ်သည့်ဘာသာမှာ ဗုဒ္ဓဘာသာအများဆုံးနှင့် ခရစ်ယာန်ဘာသာ ၊အစ္စလာမ်ဘာသာ ၊ဟိန္ဒူဘာသာ ကိုးကွယ်သူ အနည်းငယ်ရှိပါသည် ၊

ကောလင်းမြို့နယ်သည် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းတည်ရှိပြီး စီးပွားရေးအရ အချက်အခြာကျသော ဖွံ့ဖြိုးတိုးတက်သောမြို့နယ်တစ်ခု ဖြစ်ပါသည်၊ ဒေသခံပြည်သူလူထုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက်ကြပါသည်၊ ကောလင်းမြို့နယ်သည် မြစ်ကြီးနား-မန္တလေး မီးရထားလမ်း ပေါ်တွင်တည်ရှိပြီး ကားလမ်းဖြင့် ရွှေဘို၊မြစ်ကြီးနား၊ ပင်လည်ဘူး ၊ဝန်းသိုမြို့များသို့လည်း ဆက်သွယ်သွားလာနိုင်သဖြင့် ဆက်သွယ်ရေးကောင်းမွန်သော မြို့နယ်ဖြစ်ပါသည်၊ ကောလင်းမြို့နယ်၏အဓိက ထွက်ကုန်မှာ ဆန် ၊စပါး ဖြစ်သည်၊မြေပဲ ၊နေကြာ ၊ပဲတီစိမ်း ၊မတ်ပဲ၊ ပဲစင်းငုံ ၊နှမ်းနှင့် ကြံတိုကိုလည်းစိုက်ပျိုးကြသည်။

၆။(ဂ)။ အနီးပတ်ဝန်းကျင်ရေထုအတွက်စံချိန်စံညွှန်းများ

အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံ၏ စက်ရုံအနီး ပတ်ဝန်းကျင်ရေထုအတွက် စံချိန်စံညွှန်းများ သိရှိနိုင်ရန် စက်ရုံအနီး ပတ်ဝန်းကျင်ရှိMYANMAR LANYU MINING Co ; LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံရေနမူနာ ရယူဓာတ်ခွဲစမ်းသပ်ခဲ့ပါသည်။ ရေနမူနာရယူ နေပုံများနှင့်ရေဓာတ်ခွဲရလဒ်များကိုစံနှုန်းအတွင်း ရှိနေကြောင်း တွေ့ရပါသည်။ ရေနမူနာယူနေပုံများ၊ ဓာတ်ခွဲရလဒ်များနှိုင်းယှဉ် ဖော်ပြချက်များကို နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။

၆။ (ဃ) မြေပေါ်ရေအရည်အသွေးနှင့် မြေအောက်ရေအရည်အသွေး

MYANMAR LANYU MINING Co; LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံ၏ ရေအရည်အသွေးကို သိရှိနိုင်ရန်**Future Engineering Group၏ Metal Analysis & Laboratory Department တွင်မြေအောက်ရေ (ပေ ၆၀ အဝီစိရေ) နှင့် ချောင်းရေတို့ကို ပေးပို့စမ်းသပ်ခဲ့ပါသည်။ အရည်အသွေး** ဓာတ်ခွဲစမ်းသပ်မှု ရလဒ်များကို နောက်ဆက်တွဲ ဖြင့် အသေးစိတ် ဖော်ပြထားပါသည်။

မြေပေါ်ရေ အရည်အသွေး ချောင်းရေ(SW) (N 23̊ 41′ 51.30″E95̊ 30′ 25.05″)၊

မြေအောက်ရေ အရည်အသွေး (N 23̊ 41′ 47.15″E95̊ 30′ 19.75″)

National drinking water quality standards–2014. Ministry of Health ,Myanmar.

ဖြင့်နှိုင်းယှဉ်ဖော်ပြထားပါသည်၊

ရေနမူနာ ကောက်ယူစစ်ဆေးမှု ဓာတ်ခွဲခန်းရလာဒ်များမှာ-

Parameter	Unit	Guide Line Value	GW – 1	S W
PH		6.5– 8.5	6.9	6.7
Iron (Fe)	mg/l	1	0.107	5.69
Lead	mg/l	0.01	0.029	0.045
Zinc	mg/l	–	0.055	0.101
Copper	mg/l	2	0.009	0.016
Total Dissolve soild (TDS)	mg/l	1000	225.85	1000.28
Turbidity	NTU	5	–	–
CL^- (chloride)	mg/l	250	20.00	16.00

စွန့်ပစ်ရေ၏ နောက်ဆုံးအနည်ထိုင်ကန် ရှိရေအသွေး

(N23°41’48.25”E95 °30’ 19.48”)

မြန်မာနိုင်ငံပတ်ဝန်းကျင်အရည်အသွေး(ထုတ်လွှတ်မှု)ဆိုင်ရာစံချိန်စံညွှန်းများနှင့် နှိုင်းယှဉ်ဖော်ပြထားပါသည်

Parameter	Unit	Guide Line Value	Waste water
PH		6 – 9	6.6
Iron (Fe)	mg/l	2	–
Lead	mg/l	0.2	0.045
Zinc	mg/l	0.5	0.287
Copper	mg/l	0.3	0.155
Total Suspendend soild	mg/l	50	–

၆။ (c) လေအရည်အသွေး

MYANMAR LANYU MINING Co; LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံ၏ လေအရည်အသွေးကိုသိရှိနိုင်ရန် လေထုအရည်အသွေး တိုင်း တာခြင်း လုပ်ငန်းများအား HAZ SCANNER™ModelEPAS ကိုအသုံးပြု၍ စက်ရုံအတွင်း (N23˚41′ 48.90″E95˚ 30′21.22″)တွင် တိုင်းတာစစ်ဆေးခဲ့ပါသည်။ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်ရလဒ်သည် 77.02µg/m^3 ရှိသည်ဖြစ်၍ ထုတ်လွှတ်မှု စံနှုန်း Guideline Value 200 µg/m^3 အောက်တွင်ရှိပါသည်။ ဆာလဖာဒိုင်အောက်ဆိုဒ် ရလဒ်သည် 13.1µg/m^3 ရှိသည်ဖြစ်၍ ထုတ်လွှတ်မှုစံနှုန်း Guideline Value 20 µg/m^3 အောက်တွင်ရှိပါသည်။ ParticularMatterPM$_{10}$ ရလဒ်သည် 51.24µg/m^3 ရှိသည်ဖြစ်၍ ထုတ်လွှတ်မှု စံနှုန်းGuideline Value 50 µg/m^3 ထက်အနည်းငယ်မျှသာကျော်လွန်ပါသည်။ $_{2.5}$PM rticular MatterPa ရလဒ်သည် 29.54µg/m^3 ရှိသည်ဖြစ်၍ ထုတ်လွှတ်မှု စံနှုန်းGuideline Value 25 µg/m^3 ထက် အနည်းငယ်မျှသာကျော်လွန်ပါသည်၊ကျော်လွန်ရခြင်းအကြောင်းအရင်းမှာ သယ်ဆောင်ပို့ချရာလမ်းများသည် မြေသားလမ်းများဖြစ်ခြင်း၊ ကုန်ကြမ်းပစ္စည်းများကို ဖုန်းအုပ်မထားခြင်းကြောင့်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်၊ သို့ဖြစ်ပါ၍ အမှုန်အမွှားများ ထုတ်လွှတ်မှုကို ထိန်းချုပ်ရန် အောက်ပါနည်းလမ်း(method)များဖြင့် ဆောင်ရွက်ရပါမည်။ ကားလမ်းများကို ရေဖြန်းပေးခြင်း နည်းလမ်း(method)၊ ကုန်ကြမ်းပစ္စည်းများမှ အမှုန်အမွှား မလွင့်အောင် ဖုံးအုပ်သယ်ဆောင်စေခြင်း နည်းလမ်း(method)ဖြင့် အမှုန်အမွှား ထုတ်လွှတ်မှုကို ထိန်းချုပ်ရန် ဆောင်ရွက်ပါမည်။

စက်ရုံအတွင်း လက်ရှိလေထုအရည်အသွေးမှာ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် National Ambient Air Quality Standard (NAAQS) အတွင်းသာရှိကြောင်း တွေ့ရှိရပါသည်။ ထို့အတူ အခြေစိုက်စခန်းအနီး လက်ရှိ လေထုအရည်အသွေးမှာလည်း ညစ်ညမ်းမှုမရှိကြောင်းတွေ့ရှိရပါသည်။ MYANMAR LANYU MINING Co,LTD အသေး စားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံသည် (၂၀၁၉) ခုနှစ်က တည်ထောင်ပြီး သက်ဆိုင်ရာဌာန အသီးသီးတွင် လိုအပ်သောလိုင်စင်များ၊ မှတ်ပုံတင်များတင်ပြလျှောက်ထားဆဲဖြစ်ပြီး တရားဝင် လည်ပတ်နိုင်ရန် ဆောင်ရွက် လျှက်ရှိသောစက်ရုံဖြစ်ပါသည်။

စက်ရုံလည်ပတ်ချိန်တွင် လေထု၏အရည်အသွေးကို ပြန်လည်တိုင်းတာမည်ဖြစ်ပါသည်။

ထုတ်လွှတ်အခိုးအငွေ့ အဆင့်သတ်မှတ်ချက်များ

Air Emission Level

Parameter	Averaging Period	Guideline Value µg/m^3
Nitrogen dioxide	1 – year	40
	1- hour	200
Particulater matter PM 10[a]	1 – year	20
	24- hour	50
Particulater matter PM 2.5[b]	1 – year	10
	24- hour	25
Sulfur dioxide	24 - hour	20
	10- minute	500

လေထုအရည်အသွေး တိုင်းတာစစ်ဆေးမှု ရလာဒ်များ

Sr	Parameter	Guideline Value	Guideline Value	လုပ်ငန်းလည်ပတ်စဉ်
1	Nitrogen oxide (NO_2)	1-hour	200	77.02µg/m^3
2	Ozone	8-hour daily Maximun	100	29.31 µg/m^3
3	PM_{10}	24-hour	50	51.24 µg/m^3
4	$PM_{2,5}$ (µg/m^3)	24-hour	25	29.54 µg/m^3
5	Sulfur dioxide SO_2	10-minute	500	13.1 µg/m^3

၆။ (စ) အနံ့

MYANMAR LANYU MINING Co; LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံ၏ လုပ်ငန်းဆောင်ရွက်ခြင်း၊ စက်လည်ပတ်ခြင်းကြောင့် စက်ရုံဝန်းအတွင်းနှင့် ပတ်ဝန်းကျင်သို့ အနံ့အသက်များ သက်ရောက်ခြင်းမရှိပါ။

၆။ (ဆ) ဆူညံသံနှင့်တုန်ခါမှုများ

MYANMAR LANYU MINING Co; LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံသည် ဆူညံသံ၊ တုန်ခါမှုများပတ်ဝန်းကျင်အပေါ်သက်ရောက်မှု နည်းပါးပါသည်။ အနီးပတ်ဝန်းကျင် ဆူညံသံ၊ တုန်ခါမှုများသိရှိစေရန် စက်ရုံဂိတ်ဝတွင် ဆူညံသံ တိုင်းရာတွင် ဆူညံသံအနိမ့်ဆုံး ၅၅.၅dBA ဆူညံသံအမြင့်ဆုံးစံနှုန်းသည် ၇၀dBA ထက်မပိုများကြောင်းတွေ့ရှိရပါသည်။ စက်ရုံဝင်းအတွင်း သက်ရောက်မှုသိရှိရန် ဆူညံသံများတိုင်းတာခဲ့ရာ (၁)စက်ရုံအတွင်း (N23°41’45.95” E95°30’20.34”) ၅၉.၅dBA (၂) ရုံခန်းနှင့် ရိပ်သာအနီး (N23°41’47.88” E95°30’21.5”) တွင် ဆူညံသံများသည် ၆၁.၂dBA ရရှိပါသည်။

စက်ရုံဂိတ်ဝ (N 23° 41’ 45.95”E95 30’ 20.34”) ညအချိန်တွင် 59.1dBA ဆူညံသာ တိုင်းတာရရှိပါသည်။ ဆူညံသံကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုလျော့ချရေး ဆောင်ရွက်ခြင်း ခေါင်းစဉ် အောက်တွင်ဆောင်ရွက်မည့်အစီအစဉ်ကိုဖော်ပြထားပါသည်။

စက်ရုံအတွင်း စက်ရုံဂိတ်ဝ ရုံခန်းအနီး

ပုံ(၂၆) Noise detector ဖြင့်ဆူညံသံ တိုင်းတာပုံ

No	Sample name	Coordinates		Noise level Result	NEQE Guideline
		Latitude (N)	Longitude(E)		
1	စက်ရုံအတွင်း	N23°41’45.95”	E95°30’20.34”	59.5 dBA	70 dBA
2	ရုံခန်းနှင့်ရိပ်သာအနီး	N23°41’47.88”	E95°30’21.5”	61.2 dBA	70 dBA
3	စက်ရုံဂိတ်ဝ (ည)	N23°41’45.95”	E95°30’20.34”	59.1dBA	70 dBA

၆။(ဇ)မြေထုအခြေအနေ

Myanmar lanyu Mining Co;LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံ၏ မြေအရည်အသွေးကို တိုင်းတာဖော်ပြရန် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် သတ်မှတ်ဖော်ပြထားခြင်းမရှိပါ။စက်ရုံ၏ လုပ်ငန်းလည်ပတ်မှု နည်းစနစ်များ အရလည်း ပတ်ဝန်းကျင်၏ မြေထုအခြေအနေအထား ပျက်စီးမှုဖြစ်ပေါ်နိုင်ခြင်း မရှိသည်ကိုတွေ့ရပါသည်။

Sr	Parameter	Result
1	SiO_2	73.52 %
2	Fe_2O_3	11.04 %
3	Al_2O_3	5.36 %
4	Pb	24.88 ppm
5	Zn	75.87 ppm
6	Cu	85.32 ppm

၆။ (၈၂) လုပ်ငန်းအနီးဝန်းကျင်ရှိ လူမှုရေးပတ်ဝန်းကျင် အခြေအနေ

၆။ (၈၂-၁) လူမှုရေးဆိုင်ရာအချက်အလက်များ

Myanmar lanyu Mining Co;LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံသည် ပတ်ဝန်းကျင်အများပြည်သူမှ စက်ရုံနှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးမှုများ၊ အကြံပေးမှုများကို အမြဲတမ်းလက်ခံညှိနှိုင်းဆောင်းရွက်ပေးလျှက်ရှိပြီး စက်ရုံဘေးရှိမြေသားလမ်းကို ပါဝင် ဖောက်လုပ်ပေးပြီးဖြစ်ပါသည်။ ပတ်ဝန်းကျင် ပြည်သူများမှ စက်ရုံအပေါ် ကန့်ကွက်ခြင်း တိုင်ကြားခြင်းယခုထိ မကြားသိရပါ။

၆။(၈၂-၂) စီးပွားရေးဆိုင်ရာအချက်အလက်များ

Myanmar lanyu Mining Co;LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတည်ရှိသော အနီးဆုံးကျေးရွာသည်ရှမ်းကလုံးကျေးရွာဖြစ်ပြီး အိမ်ထောင်စုအရေအတွက်(၇၀၀)ရှိပြီး လူဦးရေကျား(၁၉၇၈)ဦး၊ မ(၁၈၅၆)ဦး၊စုစုပေါင်း(၃၈၃၄)ဦးရှိပါသည်၊ရွာ၏အဓိက စီးပွားရေးလုပ်ငန်းသည် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်ကိုတွေ့ရပါသည်၊ပညာရေးတွင် အထက်တန်းကျောင်းခွဲရှိပြီး ဆရာ/ဆရာမ (၁၈)ဦး ကျောင်းသူကျောင်းသား(၃၃၅)ဦးတက်ရောက်ပညာသင်လက်ရှိပါသည်၊ကျန်းမာရေးဆေးပေးခန်းလည်းရှိပါသည်၊စက်ရုံမှလည်း လုပ်ငန်းလုပ်ကိုင်လိုသူများကို ခန့်ထားပါသည်၊လက်ရှိတွင်စက်ရုံလုပ်သား(၁၅)ဦးနှင့် သတ္တုရိုင်းတူးဖော်ရေးလုပ်သားများ သာမက ပြည်ပသို့ပို့ကုန် ရောင်းဝယ်ရေးဆောင်ရွက်နေသော ပုဂ္ဂိုလ်အားလုံးအတွက် ဝင်ငွေရလမ်းဖော်ဆောင်ပေးနေသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပါသည်။

၆။(၈၂-၃)ယဉ်ကျေးမှုအချက်အလက်ဆိုင်ရာအချက်အလက်များ

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံ၏ တည်ရှိရာ ဝန်းကျင်တွင် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အဆောက်အဦးများမရှိပါ။

၇။(က)လုပ်ငန်းစဉ်အလိုက်ပတ်ဝန်းကျင်အပေါ်ထိခိုက်မှုကိုသတ်မှတ်ဖော်ထုတ်ခြင်း

Copper concentrae ထုတ်လုပ်နည်းစဉ်များတွင် (၁)Copper Ore acid leaching processing (2)Flotation Processing (3)Hybrid flotation processing စသည့်နည်းလမ်းများစွာ ရှိသော်လည်း ယခုရွေးချယ်အသုံးပြုသော နည်းစဉ်သည် ကြေးနီပါဝင်မှု ၁ % ထက်နည်းသော သတ္တုသိုက်မှ ကြေးနီ ကို ၃၀ % ခန့်ထိပါဝင် Copper concentrae အဖြစ်ထုတ်လုပ်နိုင်ခြင်း Acid နှင့်လျှပ်စစ်ဓာတ်အားအများအပြား သုံးစွဲရန်မလိုအပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် အပေါ်ထိခိုက်မှု အနည်းဆုံး ဖြစ်ပေါ်စေနိုင်ခြင်း စသည့်အချက်များကြောင့် ယခုနည်းစဉ်ကို MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံ၏ Copper concentrae ထုတ်လုပ်နည်းစဉ်အဖြစ် ရွေးချယ်ရခြင်း ဖြစ်ပါသည်၊စီမံကိန်းလုပ်ဆောင်မှုများကြောင့် (residual impact analysis)ထိခိုက်မှုများ သတ်မှတ်ဖော်ထုတ်ခြင်းနှင့် လျော့ပါးစေရေးဆောင်ရွက်ရာတွင် စီမံကိန်းမှ အောက်ပါရွေးချယ်ထားသော ဆောင်ရွက်နိုင်မည့်နည်းလမ်းများအပြင် အခြားနည်းလမ်းများ (ways of alternatives)မရှိပါ၊ ရွေးချယ်ရသည့် အကြောင်း အရင်း(reason of selected alternatives)မှာ စီမံကိန်းလုပ်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသော အကြောင်း အရာများသည်–

(၁)မြေပေါ်မြေအောက် ရေထုကိုပျက်စီးစေခြင်း (၂)လေထုကိုထိခိုက် ပျက်စီးစေခြင်း (၃)သဘာဝ ပတ်ဝန်းကျင်ရှိမြေထုကိုပျက်စီးစေခြင်း (၄)ဆူညံသံများကြောင့် သဘာဝပတ်ဝန်းကျင် ကိုထိခိုက် နိုင်ခြင်း (၅)အနံ့အသက်များဖြစ်ပေါ်နိုင်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင် ကိုထိခိုက် နိုင်ခြင်းစသည့် အကြောင်းအရင်းများကိုသာတွေ့ရှိရပါသည်

၇။(ကက) လေထုအတွင်းသို့စက်ရုံမှထုတ်လွှတ်နိုင်သည့်စွန့်ပစ်မှုများကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံမှ လေထုအတွင်းသို့ထုတ်လွှတ်မှုများမှာ

(၁) ကြေးနီသတ္တုရိုင်းကျောက်ကြမ်းများသယ်ဆောင်ရာမှ ထုတ်လွှင့်မှုများ

(၂) စက်လည်ပတ်မှုများမှ အမှုန်အမွှားလွင့်စင်မှုများ

(၃)Floatation cell အမြှုတ်ကန်များမှ ရေခိုးရေငွေ့များ

(၄) ရေဆိုးကန်မှ ရေခိုးရေငွေ့များ

(၅) သယ်ယူပို့ဆောင်ရေးယာဉ်များမှထွက်ရှိသောဓာတ်ငွေ့များ

၇။(ကက-၁) ကြေးနီသတ္တုရိုင်းကျောက်ကြမ်းများသယ်ဆောင်ရာမှ ထုတ်လွှင့်မှုများကြောင့် **ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း**

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် ကြေးနီသတ္တုရိုင်းကျောက်ကြမ်းများကိုသယ်ယူပို့ဆောင်ရေးယာဉ်များမှလည်းကောင်း၊ရွှေ့ပြောင်းရာမှ လည်းကောင်း အမှုန်အမွှားများ လေထုအတွင်းသို့ထုတ်လွှတ်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ကားလမ်းများကိုရေဖြန်းပေးခြင်း ကုန်ကြမ်းပစ္စည်းများမှ အမှုန်အမွှားမလွင့်အောင် ဖုံးအုပ်သယ်ဆောင်စေခြင်းဖြင့်အမှုန်အမွှား ထုတ်လွှတ်မှုကို ထိန်းချုပ်ရန် ဆောင်ရွက်ရပါမည်။

ထိခိုက်မှုများ လျော့နည်းစေရန်အတွက် အချိန်ယူ၍ စနစ်တကျဆောင်ရွက်စေခြင်း စနစ်တကျထားရှိစေခြင်းတို့ဆောင်ရွက်ပါသည်။

၇၊(ကက-၂) စက်လည်ပတ်မှုများမှ အမှုန်အမွှားလွင့်စင်မှုများကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း

အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် သတ္တုလုပ်ကွက်များမှတူးဖော်ရရှိလာသော သတ္တုကုန်ကြမ်းများကို crusher ဖြင့် ကြိတ်ခွဲခြင်း၊Ball mail နှင့်ထပ်မံကြိတ်ခွဲခြင်း၊ froth flotation ဆောင်ရွက်ရန်အတွက် အသင့်ဖြစ်နေသော ကုန်ကြမ်းများကို အာလိန်မှတဆင့် မွှေကန်သို့ပို့ခြင်း။ မွှေကန်တွင်ရေဖြင့်ရောပြီး ဒလက်ဖြင့်မွှေကာ floatation ဆောင်ရွက်ရန်အတွက် slug ဖျော်ခြင်း၊slug ကို (floatation cell)အမြှုတ်ကန်သို့ပို့ပြီး အမြှုတ်ကန်တွင်centrifucal pumps ကို အသုံးပြုပြီး flotation ကို ဆောင်ရွက်ခြင်းစသည့်လုပ်ငန်းစဉ် တို့ဖြင့် သန့်စင်သည်ဖြစ်သောကြောင့် စက်မောင်းများ၏ မကျွမ်းကျင်မှုကြောင့်လည်းကောင်း၊ အလျင်စလိုဆောင်ရွက်ခြင်း တို့ကြောင့်လည်းကောင်း အမှုန်အမွှားလွင့်စင်မှုများရှိနိုင်ပါသည်။

ထိခိုက်မှုလျော့နည်းစေရန် အတွက် စက်များကို အချိန်ဇယားဖြင့် စနစ်တကျပြုပြင်ထိန်းသိမ်းခြင်း၊စက်မောင်းများကိုသင်တန်းပေးခြင်း၊ အချိန်ယူ၍ စနစ်တကျဆောင်ရွက်စေခြင်း တို့ဆောင်ရွက်ပါသည်။ စက်ရုံအလုပ်သမားများအား လက်အိပ်၊ နာခေါင်းစည်း၊ဦးထုပ်၊ ဖိနပ်၊ မျက်မှန်၊အစရှိသော safety ဝတ်စုံများကို လိုအပ်သလိုအသုံးပြုဝတ်ဆင်၍ လုပ်ငန်းလုပ်ကိုင်စေမည်၊

၇။(ကက-၃) Floatation cell အမြှုတ်ကန်များမှ ရေခိုးရေငွေ့များကြောင့် ထိခိုက်မှုများကိုလျော့နည်းစေရန်ဆောင်ရွက်ခြင်း

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် flotation cell အမြှုတ်ကန်(၂၀)တွင် centrifugal mortor များအသုံးပြုပြီး လုပ်ငန်းဆောင်ရွက်သဖြင့် ပတ်ဝန်းကျင်အပူချိန်ကြောင့်သော်လည်းကောင်း၊စက်လည်ပတ်မှုများကြောင့်သော်လည်းကောင်း၊ အခိုးအငွေ့များလေထုအတွင်းသို့ ရောက်ရှိ နိုင်ပါသည်။

ထိခိုက်မှုလျော့နည်းစေရန်အတွက် စက်များကို အချိန်ဇယားဖြင့် စနစ်တကျပြုပြင်ထိန်းသိမ်းခြင်း၊ စက်မောင်းများကိုသင်တန်းပေးခြင်း၊အချိန်ယူ အချိန်ယူ၍ စနစ်တကျဆောင်ရွက်စေခြင်း တို့ဆောင်ရွက်ပါသည်။ စက်ရုံအလုပ်သမားများအား လက်အိပ်၊ နာခေါင်းစည်း၊ဦးထုပ်၊ ဖိနပ်၊ မျက်မှန်၊အစရှိသော safety ဝတ်စုံများကို လိုအပ်သလို အသုံးပြုဝတ်ဆင်၍ လုပ်ငန်းလုပ်ကိုင်စေမည်၊

၇။(ကက-၄)ရေဆိုးရေကန်မှ ရေခိုးရေငွေ့များ ထုတ်လွှင့်မှုများကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင်တွင် flotation cell အမြှုတ်ကန်များမှစွန့်ပစ်ရည်များသည်အများဆုံးဖြစ်ပြီး စွန့်ပစ်ရည်များကို ပြန်လည်အသုံးမပြုမီအနည်ထိုင်စေပါသည်။ ယင်းသို့အနည်ထိုင်စေရာတွင် အခိုးအငွေ့များလေထု အတွင်း သို့ထုတ်လွှတ်နိုင်ပါသည်။ ထိခိုက်မှုလျှော့နည်းစေရန်အတွက် အပူချိန်မြင့်တက်မှု လျော့ချရန် ဆောင်ရွက်စေပါသည်။

၇။(ကက-၅)သယ်ယူပို့ဆောင်ရေးယာဥ်များမှ ထွက်ရှိသောဓာတ်ငွေ့များကြောင့် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင်ကုန်ကြမ်းကုန်ချောများ အတွက်အသုံးပြုသော မော်တော်ယာဥ် များ၏ အင်ဂျင်များမှတစ်ဆင့်လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များနှင့် ရေခိုးရေငွေ့များ ထုတ်လွှတ်ပါသည်။ သယ်ယူပို့ဆောင်ရေးယာဥ်ကို အချိန်ဇယားဖြင့် စက်ကြံ့ခိုင်မှု ဆောင်ရွက်ပေးခြင်းဖြင့် စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုအားနည်းခြင်းမှထွက်ရှိသော ကာဗွန်ဒိုင် အောက်ဆိုက်ဓာတ်ငွေ့များနှင့် အခြားထုတ်လွှတ်မှုများ လျော့နည်းစေပါသည်။

၇။(ကခ) ရေထုအတွင်းသို့စက်ရုံမှထုတ်လွှတ်နိုင်သည့် စွန့်ပစ်ရည်များကြောင့်ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုများကြောင့် ရေထုအတွင်း သို့ထုတ်လွှတ်နိုင်မှုများကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်။

(၁) စက်လည်ပတ်ရာမှစွန့်ပစ်ရေထွက်ရှိမှုများနှင့်ဖိတ်စင်မှုများ

(၂) စက်များဆေးကြောရာမှထွက်ရှိသောရေဆိုးများ၊

(၃) ရေထုသို့ရောက်ရှိနိုင်သည့်အခြားစွန့်ပစ်ရည်များ

၇။(ကခ-၁)စက်လည်ပတ်ရာမှ စွန့်ပစ်ရေထွက်ရှိမှုများနှင့် ဖိတ်စင်မှုများကြောင့် ပတ်ဝန်းကျင် ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရတွင်အသုံးပြုသောပန့်များ၊ ပိုက်လိုင်းများ၊ မွှေကန်များ၊floatation cell အမြှုန်ကန်များမှ ရေလဲလှယ်ခြင်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရေထုအတွင်းသို့ စွန့်ပစ်ရေများ ထုတ်လွှတ်နိုင်ပါသည်။

ထိခိုက်မှုများ လျော့နည်းစေရန်အတွက် ဆေးကြောရေများကို ရေဆိုးစုကန်သို့ ပို့လွှတ်ပြီးအဆင့်ဆင့်အနယ်ထိုင်စေပြီး စက်ရုံမှပြန်လည်အသုံးပြုပါသည်။

၇။ (ကခ-၂) စက်များဆေးကြောရာမှထွက်ရှိသောရေဆိုးများ ကြောင့်ပတ်ဝန်းကျင်ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင်process line ရှိ စက်များဆေးကြောခြင်း၊ မွှေကန်များ၊ floatation cellအမြှုန်ကန်များမှ ဆေးကြောရေစွန့်ပစ်ခြင်းနှင့် ဖိတ်စင်မှုများသည်ပတ်ဝန်းကျင်ရေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။ ထိခိုက်မှုများ လျော့နည်းစေရန်အတွက် ဆေးကြောရေများကို ရေဆိုးစုကန်သို့ ပို့လွှတ်ပြီးအဆင့်ဆင့် အနယ်ထိုင်စေပြီး စက်ရုံမှပြန်လည်အသုံးပြုပါသည်

၇။ (က၁-၃) ရေထုသို့ရောက်ရှိနိုင်သည့်အခြားစွန့်ပစ်ရည်များ ကြောင့်ပတ်ဝန်းကျင်ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် အမှုန်အမွှားများ၊ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် အိတ်ဇောမှထွက်ရှိသောအခိုးအငွေ့များ၊ ရေဆိုးစွန့်ပစ်ကန်မှရေခိုးရေငွေ့များသည် ပတ်ဝန်းကျင်ရေထုအတွင်းသို့ ထုတ်လွှတ်မှုများဖြစ်နိုင်ပါသည်။

ထိခိုက်မှုများလျော့နည်းစေရန်အတွက် ဆေးကြောရေများကို ရေဆိုးစုကန်သို့ ပို့လွှတ်ပြီး အဆင့်ဆင့်အနယ်ထိုင်စေပြီး စက်ရုံမှပြန်လည်အသုံးပြုပါသည်။

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံသည် စက်ရုံမှ စွန့်ပစ်အရည်အားလုံးကို အဆင့်ဆင့်အနယ်ထိုင်ကန်တွင် sedimentation tank တွင် အချိန်ယူအနယ်ထိုင်စေပြီး စက်ရုံမှပြန်လည်အသုံးပြုပါသည်။

စက်ရုံမှစွန့်ပစ်အရည်များအား အနည်ထိုင်ကန်များ တွင်အနည်ထိုင်ထားရှိသည့် ကာလနှင့် နောက်ဆုံးအနည်ထိုင်ကန်ဖြစ်သော မြေသားကန်တွင် မိုးရွာသွန်းသောကာလများ၌ အနည်ထိုင်ကန်မှရေများလျှံကျ၍ စီးဆင်းမှုများ မဖြစ်ပေါ်စေရန်ကန်ဘောင်ကို မြေသားဖို့ခြင်းဖြင့် ကာကွယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်၊

၇။(က၇) မြေထုအတွင်းသို့စက်ရုံမှထုတ်လွှတ်နိုင်သည့်စွန့်ပစ်အစိုင်အခဲများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုများကိုလျော့နည်းစေရန်ဆောင်ရွက်ခြင်း

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုများကြောင့် မြေထုအတွင်းသို့ ထုတ်လွှတ်နိုင်မှုများကိုအောက်ပါအတိုင်းတင်ပြအပ်ပါသည်။

(၁) လုပ်ငန်းသုံးစွန့်ပစ္စည်းများ၊

(၂) စွန့်ပစ်ရည်များတွင်ပါဝင်သောအစိုင်အခဲများ၊

(၃) process line မှ အဆိုင်အခဲ အလေအလွင့်စွန့်ပစ်မှုများ

(၄) ဝန်ထမ်းများ၏စွန့်ပစ်ပစ္စည်းများ၊

၇။(ကဂ-၁)လုပ်ငန်းသုံးစွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် အသုံးပြုသော တစ်ခါသုံးနှာခေါင်းစည်းများ၊လက်အိတ်များ၊အိတ်ခွံများနှင့် အခြားအပျက်အစီးများကို စနစ်တကျ စွန့်ပစ်ခြင်းမပြုပါက ပတ်ဝန်းကျင် မြေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။

အသုံးပြုပြီးစွန့်ပစ်အစိုင်အခဲ ပစ္စည်းများကို အဖုံးပါအမှိုက်ပုံးများတွင်စုဆောင်းသိမ်းဆည်းပြီး စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုသော နေရာများတွင် စနစ်တကျစွန့်ပစ်ခြင်းဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုများကိုလျော့နည်းစေပါသည်။

၇။(ကဂ-၂) စွန့်ပစ်ရည်များတွင်ပါဝင်သောအစိုင်အခဲများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် ကုန်ချောကန်မှတဆင့် စွန့်ပစ်ကန်သို့ ထွက်ရှိသည့် ရေဆိုးများမှ သဲနှင့်အနည်အနှစ်များ၊ ဝန်ထမ်းများ၏ နေ့စဉ်သုံးစွဲရာမှထွက်ရှိသည့် ရေဆိုးများတွင်ပါလာနိုင်သောအစိုင်အခဲများ စသည်တို့သည် ပတ်ဝန်းကျင်မြေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။

စွန့်ပစ်ရည် များတွင် အတူပါဝင်နိုင်သော အနည်အနှစ်အစိုင်အခဲအဖတ်များ။ စက်ပစ္စည်းဆေးကြောရေများမှ ပါဝင်လာနိုင်သော သံချေးဖတ်၊ အမဲဆီ၊ အင်ဂျင်ဝိုင် အစိုင်အခဲများတို့ကို အနည်ထိုင်သန့်စင်စေပါသည်။ စက်ရပ်နားချိန် များတွင် စစ်ယူပြီးမြေမြှပ်ခြင်း၊ စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုသောနေရာများတွင် စွန့်ပစ်ခြင်းဖြင့် ပတ်ဝန်းကျင် ထိခိုက်မှုများကိုလျော့နည်းစေပါသည်။

၇။(ကဂ-၃) process line မှ အဆိုင်အခဲ အလေအလွင့်စွန့်ပစ်မှုများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုများကို လျော့နည်းစေရန် ဆောင်ရွက်ခြင်း

process line မှကျောက်ခွဲစက်၊ဘောမိန်းစက်နှင့် အာလိန်စက်များလည်ပတ်ရာတွင် သတ္တုကုန်ကြမ်းကျောက်မှုန်များလွင့်စင်ခြင်း၊ဖိတ်စင်ခြင်းများသည် ပတ်ဝန်းကျင်မြေထုအတွင်းသို့ ထုတ်လွှတ်နိုင်ပါသည်။

ထိခိုက်မှုလျော့နည်းစေရန် လုပ်သားများကို စနစ်တကျ အချိန်ယူဆောင်ရွက်စေခြင်း၊ စွန့်ပစ်အစိုင်အခဲပစ္စည်းများကို အဖုံးပါ အမှိုက်ပုံးများတွင် စုဆောင်းသိမ်းဆည်းပြီး ပြန်လည်ကြိတ်ခွဲခြင်း၊သက်ဆိုင်ရာစက်များတွင် ကုန်ကြမ်းအဖြစ်အသုံးပြုခြင်းဖြင့် ပတ်ဝန်းကျင် ထိခိုက်မှုများကိုလျော့နည်းစေပါသည်။

၇။(ကဂ-၄) ဝန်ထမ်းများ၏ စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုများကို လျှော့နည်း စေရန် ဆောင်ရွက်ခြင်း

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် လုပ်သားဝန်ထမ်းများ၏ နေ့စဉ်သုံးစွဲရာမှထွက်ရှိသည့် အစားအသောက်ထုပ်ပိုးပစ္စည်းများ၊ တကိုယ်ရည်သုံးပြီးစွန့်ပစ်ပစ္စည်းများ၊ သန့်ရှင်းရေးသုံးပြီး စွန့်ပစ်ပစ္စည်းများတို့သည် ပတ်ဝန်းကျင် မြေထုအတွင်းသို့ထုတ်လွှတ်နိုင်ပါသည်။

ထိခိုက်မှုလျှော့နည်းစေရန်အတွက် ဝန်ထမ်းများကို ပတ်ဝန်းကျင်သန့်ရှင်းရေး အသိပညာ ပေးခြင်း၊အဖုံးပါသော အမှိုက်ပုံးများထားရှိပေးခြင်း၊ အသုံးပြုပြီးစွန့်ပစ် ပစ္စည်းများကို အဖုံးပါအမှိုက်ပုံးများ တွင်စုဆောင်းသိမ်းဆည်းပြီး စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုသော နေရာများတွင် စနစ်တကျစွန့်ပစ်ခြင်းဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုများကို လျှော့နည်းစေ ပါသည်။စက်ရုံအတွင်း(N 23°41’ 48.25”E95 °30’ 19.48”) နေရာတွင်ကျင်းတူး၍မြေမြှပ်စွန့်ရန်လည်း နေရာသတ်မှတ်ထားပါသည်

၇။(ကဃ) ဆူညံသံ၊ တုန်ခါမှုများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုများကို လျှော့နည်းစေရန် ဆောင်ရွက်ခြင်း

MYANMAR LANYU MINING Co,LTD နည်းပါးပါသည်။ စက်ရုံဝင်းအတွင်း သက်ရောက်မှုသိရှိရန် ဆူညံသံများတိုင်းတာခဲ့ရာ (၁)စက်ရုံအတွင်း (N23°41’45.95” E95°30’20.34”) ၅၉.၅dBA (၂) ရုံခန်းနှင့် ရိပ်သာအနီး (N23°41’47.88” E95°30’21.5”) တွင် စက်ရုံဂိတ်ဝ (N 23° 41’ 45.95”E95 30’ 20.34”) ညအချိန်တွင် 59.1dBA ဆူညံသာ တိုင်းတာရရှိပါသည်။

စက်ရုံလည်ပတ်သည့် အချိန်တွင် ထွက်ရှိသောဆူညံသံ၊ တုန်ခါမှုများကိုအမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး ထုတ်လွှတ်မှုများပါ စံနှုန်းသတ်မှတ်ချက်များ ကိုက်ညီအောင် အောက်ပါအတိုင်းဆောင်ရွက်သွားပါမည်။

(၁) သယ်ယူပို့ဆောင်ရေးယာဉ်များကြောင့်ဆူညံသံ၊ တုန်ခါမှုများကြောင့် ပတ်ဝန်းကျင် ထိခိုက်မှုများကို လျှော့နည်းစေရန်ဆောင်ရွက်ခြင်း

(၂) စက်ရုံအတွင်း စက်ပစ္စည်းကိရိယာများ လည်ပတ်မှုများကြောင့်ဆူညံသံ၊ တုန်ခါမှုများကို ပတ်ဝန်းကျင် ထိခိုက်မှုများကို လျှော့နည်းစေရန်ဆောင်ရွက်ခြင်း

(၃)စက်ရုံအတွင်းဝန်ထမ်းများအတွက် အကာအကွယ်ပြုပစ္စည်း ကိရိယာများတပ်ဆင်ခြင်းနှင့် နေရာရွှေ့ပြောင်း တာဝန်ချထားသဖြင့်ဆူညံသံ၊ တုန်ခါမှုများကို ပတ်ဝန်းကျင်ထိခိုက်မှုများကို လျှော့နည်းစေရန် ဆောင်ရွက်ခြင်း

၇။(ကဃ–၁)သယ်ယူပို့ဆောင်ရေး ယာဉ်များကြောင့်ဆူညံသံ၊ တုန်ခါမှုများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုများကိုလျော့နည်းစေရန်ဆောင်ရွက်ခြင်း

သယ်ယူပို့ဆောင်ရေးယာဉ်များကြောင့် ဆူညံသံ၊ တုန်ခါမှုများကြောင့်ပတ်ဝန်းကျင်ထိခိုက်မှုများကို လျော့နည်းစေရန်သယ်ယူပို့ဆောင်ရေးယာဉ်များကို အချိန်ဇယားဖြင့် စက်ကြွံခိုင်မှု ဆောင်ရွက်ပေးခြင်းဖြင့် စက်ပိုင်းဆိုင်ရာ ကြွံခိုင်မှုအားနည်းခြင်းမှထွက်ရှိသော ဆူညံသံ၊တုန်ခါမှုများ လျော့နည်းစေပါသည်။

၇။(ကဃ–၂)စက်ရုံအတွင်းစက်ပစ္စည်း ကိရိယာများလည်ပတ်မှုများကြောင့်ဆူညံသံ၊ တုန်ခါမှုများကို ပတ်ဝန်းကျင်ထိခိုက်မှုများကိုလျော့နည်းစေရန်ဆောင်ရွက်ခြင်း

စက်ရုံအတွင်းစက်ပစ္စည်းကိရိယာများ လည်ပတ်မှုများကြောင့်ဆူညံသံ၊ တုန်ခါမှုများကို ပတ်ဝန်းကျင်ထိခိုက်မှု များကိုလျော့နည်းစေရန် စက်ရုံရှိစက်များအားလုံးကို အချိန်ဇယားဖြင့် စက်ကြွံခိုင်မှုဆောင်ရွက်ပေးခြင်း၊စက်ဆီချောဆီများကိုအချိန်ဇယားဖြင့်စနစ်တကျထည့်သွင်းစေခြင်း၊စက်မောင်းများ စက်လည်ပတ်ခြင်း၊ကိုင်တွယ်ခြင်းဆိုင်ရာများကို စဉ်ဆက်မပြတ်အသိပညာပေးခြင်း၊ သင်တန်းပေးခြင်းများ ဆောင်ရွက်ခြင်းဖြင့် စက်ပိုင်းဆိုင်ရာ ကြွံခိုင်မှုအားနည်းခြင်းမှ
ထွက်ရှိသောဆူညံသံ၊တုန်ခါမှုများလျော့နည်းစေပါသည်။မီးစက်အင်ဂျင်အား
အသံဆူညံမှုနည်းအောင် အသံငြိမ်မီးစက်ကို အသုံးပြုမည်ဖြစ်ပါသည်၊

၇။(ကဃ–၃) စက်ရုံအတွင်းဝန်ထမ်းများအတွက် အကာအကွယ်ပြုပစ္စည်းကိရိယာများ တပ်ဆင်ခြင်းနှင့် နေရာရွှေ့ပြောင်းတာဝန်ချထားသဖြင့်ဆူညံသံ၊ တုန်ခါမှုများကို ပတ်ဝန်းကျင်ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ခြင်း

စက်ရုံအတွင်းဝန်ထမ်းများအတွက် အကာအကွယ်ပြုပစ္စည်းကိရိယာများတပ်ဆင်ခြင်းနှင့် နေရာရွှေ့ပြောင်း တာဝန်ချထားသဖြင့်ဆူညံသံ၊ တုန်ခါမှုများကို စနစ်တကျဆောင်ရွက်စေခြင်း၊ အသိပညာပေးခြင်းတို့ဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုများကို လျော့နည်းစေရန်ဆောင်ရွက်ပါသည်။

၇။ (ခ) ထိခိုက်မှုများကိုသတ်မှတ်ဖော်ထုတ်ခြင်းနှင့်လျှော့ချရန်နည်းလမ်းများ

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲသည့်အချိန်တွင် MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံ လည်ပတ်သည့်အချိန်တွင် ထွက်ရှိနိုင်သော ထုတ်လွှတ်မှုများကို လုပ်ငန်းစဉ်အဆင့်အလိုက် ပြန်လည်ဆန်းစစ် တွက်ချက်ကာ စောင့်ကြပ်ကြည့်ရှုရေး စီမံချက်ကို တင်ပြသွားပါမည်။ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး ထုတ်လွှတ်မှုများပါ စံနှုန်းသတ်မှတ်ချက်များ ကိုက်ညီအောင်ဆောင်ရွက်သွားပါမည်။

က။လေထုအပေါ်ထိခိုက်မှုများကိုသက်မှတ်ဖော်ထုတ်ခြင်းနှင့် လျှော့ချရန်နည်းလမ်းများ

ခ။ရေထုအပေါ်ထိခိုက်မှုများကိုသက်မှတ်ဖော်ထုတ်ခြင်းနှင့် လျှော့ချရန်နည်းလမ်းများ

ဂ။မြေထုအပေါ်ထိခိုက်မှုများကိုသက်မှတ်ဖော်ထုတ်ခြင်းနှင့် လျှော့ချရန်နည်းလမ်းများ

ဃ။ဆူညံသံများအပေါ်ထိခိုက်မှုများကိုသက်မှတ်ဖော်ထုတ်ခြင်းနှင့် လျှော့ချရန်နည်းလမ်းများ

င။အနံ့အသက်များအပေါ်ထိခိုက်မှုများကိုသက်မှတ်ဖော်ထုတ်ခြင်းနှင့်လျှော့ချရန်နည်းလမ်းများ

၇။ (ခက)။ လေထုအပေါ်ထိခိုက်မှုများကိုသတ်မှတ်ဖော်ထုတ်ခြင်းနှင့်လျှော့ချရန်နည်းလမ်းများ

သက်ရောက်မှုနည်းလမ်းများ

- အမှုန်အမွှားများလွင့်ထွက်ခြင်း၊ ရောနှောဓာတ်ငွေ့များနှင့်ပေါပါးဓာတ်ငွေ့ထုတ်လွှတ်ခြင်း၊ အနံ့ဆိုးများထွက်ရှိခြင်း။

ထိခိုက်မှုသက်ရောက်စေသောအကြောင်းအရင်းများ

(၁) ကြေးနီသတ္တုရိုင်းကျောက်ကြမ်းများသယ်ဆောင်ရာမှ ထုတ်လွှင့်မှုများ

(၂) စက်လည်ပတ်မှုများမှ အမှုန်အမွှားလွင့်စင်မှုများ

(၃)Floatation cell အမြှုတ်ကန်များမှ ရေခိုးရေငွေ့များ

(၄) ရေဆိုးကန်မှ ရေခိုးရေငွေ့များ

(၅) သယ်ယူပို့ဆောင်ရေးယာဉ်များမှအိပ်ဇောပိုက်များမှမီးခိုးများ၊ ဓာတ်ငွေ့များနှင့် အနံ့ဆိုးများ ထွက်ရှိခြင်း။

သက်ရောက်မှု

- စက်ရုံဝင်းအတွင်းရှိလုပ်သားဝန်ထမ်းများ

- ဂန်းကျင်ရှိပြည်သူလူထု။

ထိခိုက်မှုသက်ရောက်မှုအတိုင်းအတာနှင့်အချိန်ကာလ

-စက်ရုံဝန်းကျင်တွင် လယ်ယာကွက်လပ်များသာရှိပြီးပြည်သူလူထု အပေါ်သက်ရောက်မှု မရှိသော်လည်း စက်ရုံအတွင်းရှိ ဝန်ထမ်းများအတွက် နည်းပါးသော သက်ရောက်မှုရှိပြီး အချိန်ကာလမှာ စက်လည်ပတ်နေစဉ် ဖြစ်ပါသည်။

လျှော့ချရန်နည်းလမ်းများ

- floatation cellအမြှုတ်ကန်များ၊စွန့်ပစ်ကန်များကို ၊ အပူချိန်မမြင့် စေရန်ထိန်းသိမ်းခြင်း။

- လုပ်ငန်းခွင်တွင် အဖုံးပါသောအမှိုက်ပုံးများထားရှိကာ စနစ်တကျစွန့်ပစ်စေခြင်း

-သတ္တုရိုင်းပါသောကုန်ကြမ်းများရွေ့ပြောင်းခြင်း၊သယ်ပို့ခြင်းများဆောင်ရွက်ရာတွင် လွင့်စင်မှုမရှိစေရန်စနစ်တကျအချိန်ယူ ဆောင်ရွက်ခြင်း

- စွန့်ပစ်ရည်များကို အဆင့်ဆင့် အနယ်ထိုင်ခြင်းဖြင့်အနံ့ထွက်ရှိမှုကိုလျှော့နည်းစေခြင်း

-သယ်ယူရေးယာဉ်များ စက်ကြံ့ခိုင်ရေး ဆောင်ရွက်ခြင်းကို စနစ်တကျ ဆောင်ရွက်ခြင်း၊ စက်မောင်းများကိုး စက်ကိုင်တွယ်ခြင်း ဆိုင်ရာ အသိပညာပေးခြင်း၊ သင်တန်းပေးခြင်း၊ စက်ဆီချောဆီများ မှန်မှန်ဖြည့်တင်း လဲလှယ်ခြင်း၊ အရည်အသွေးပြည့်မီသော လောင်စာဆီများ အသုံးပြုခြင်း။

၇။ (ခခ)ရေထုအပေါ်ထိခိုက်မှုများကိုသတ်မှတ်ဖော်ထုတ်ခြင်းနှင့် ကုစားရန်နည်းလမ်းများ
သက်ရောက်မှုနည်းလမ်းများ

(၁) စက်လည်ပတ်ရာမှစွန့်ပစ်ရေထွက်ရှိမှုများနှင့်ဖိတ်စင်မှုများ

(၂) စက်များဆေးကြောရာမှထွက်ရှိသောရေဆိုးများ၊

(၃) ရေထုသို့ရောက်ရှိနိုင်သည့်အခြားစွန့်ပစ်ရည်များ

- မွေကန်၊floatation အမြှုတ်ကန်များမှစွန့်ပစ်ရည်များ။

-လုပ်ငန်းလုပ်ဆောင်ရာတွင်ယိုဖိတ်မှုများ။

-စက်ပစ္စည်းကိရိယာများဆေးကြောရေများ၊

– လုပ်သားများ၏စနစ်တကျစွန့်ပစ်ခြင်းမရှိသည့်ရေဆိုးများ။

ထိခိုက်မှုသက်ရောက်စေသောအကြောင်းအရင်းများ

– ပိုက်လိုင်းများပိုက်ဆက်ပိုက်တပ်များမှယိုစိမ့်ခြင်း။

-လုပ်ငန်းမကျွမ်းကျင်ခြင်း။

-အလျင်စလိုဆောင်ရွက်ခြင်း၊စနစ်တကျမဆောင်ရွက်ခြင်း။

သက်ရောက်မှုနယ်ပယ်

စက်ရုံအတွင်းစွန့်ပစ်ရေမြောင်းတစ်လျှောက်။

-ထိခိုက်မှုသက်ရောက်မှုအတိုင်းအတာနှင့်အချိန်ကာလ

စက်ရုံမှထွက်ရှိသော စွန့်ပစ်ရေအားလုံးကို စက်ရုံပိုင်မြေအတွင်းတွင် ရေဆိုးစုမြေသားကန်သို့ပို့လွှတ်ပြီးပြန်လည် အသုံးပြုသည်ဖြစ်သောကြောင့် ပတ်ဝန်းကျင်သို့ သက်ရောက်မှုမရှိသော်လည်း စက်ရုံဝင်းအတွင်းနှင့် ဝန်းထမ်းများကို နည်းပါးသော သက်ရောက်မှုသာရှိပါသည်။

-လျှော့ချရန်နည်းလမ်းများ

ပိုက်လိုင်းယိုစိမ့်မှုမရှိစေရေးအတွက်ပြုပြင်ထိန်းသိမ်းခြင်းကို အချိန်ဇယားဖြင့်ဆောင်ရွက်ခြင်း၊စွန်ပစ်ရေကိုပြန်လည်အသုံးပြုခြင်းကိုဆက်လက်ဆောင်ရွက်ခြင်း၊စက်ကိုင်တွယ်ခြင်းနှင့်သက်ဆိုင်သော အသိပညာပေးခြင်း၊သင်တန်းပေးခြင်း၊စနစ်တကျဆောင်ရွက်ခြင်း၊ စွန့်ပစ်ရည်များကို Guideline တန်ဖိုးရရှိရန်ဆောင်ရွက်ခြင်း။

၇။ (ခ၈)မြေထုအပေါ်ထိခိုက်မှုများကိုသတ်မှတ်ဖော်ထုတ်ခြင်းနှင့် ကုစားရန်နည်းလမ်းများ

MYANMAR LANYU MINING Co,LTD အသေးစားသတ္တုသန့်စင်ခြင်း လုပ်ငန်းစက်ရုံတွင် ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုများကြောင့် မြေထုအတွင်းသို့ ထုတ်လွှတ်နိုင်မှုများကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်။

၁) လုပ်ငန်းသုံးစွန့်ပစ္စည်းများ၊

(၂) စွန့်ပစ်ရည်များတွင်ပါဝင်သောအစိုင်အခဲများ၊

(၃) process line မှသတ္တုရိုင်းကျောက်ကြမ်းမြေစာအလေအလွင့်စွန့်ပစ်မှုများ

(၄) ဝန်ထမ်းများ၏စွန့်ပစ်ပစ္စည်းများ၊

သက်ရောက်မှုနည်းလမ်းများ-

- process line မှ လွင့်စင်သော သတ္တုရိုင်းကျောက်ကြမ်းများမြေစာများ
- စွန့်ပစ်ရည်များတွင်ပါဝင်လာနိုင်သောအစိုင်အခဲစွန့်ပစ်ပစ္စည်းများ။

- စက်ရုံကုန်ထုတ်လုပ်ငန်းများတွင်ထွက်ရှိသော ထုပ်ပိုးပစ္စည်းခွံအပျက်အစီးများ။

-ထိခိုက်မှုသက်ရောက်စေသောအကြောင်းအရင်းများ

-လုပ်ငန်းမကျွမ်းကျင်ခြင်း

-အလျင်စလိုဆောင်ရွက်ခြင်း၊စနစ်တကျမဆောင်ရွက်ခြင်း။

-စက်ပစ္စည်းများချို့ယွင်းခြင်း

-သက်ရောက်မှုနယ်ပယ်

စက်ရုံအနီးပတ်ဝန်းကျင်နေပြည်သူလူထုနှင့် စက်ရုံဝန်ထမ်းများ။

ထိခိုက်မှုသက်ရောက်မှုအတိုင်းအတာနှင့်အချိန်ကာလ

- သက်ရောက်မှုအတိုင်းအတာနည်းပါးသည်။ အချိန်ကာလတိုတောင်းပါသည်။

လျှော့ချရန်နည်းလမ်းများ

- စက်ပစ္စည်းများကိုင်တွယ်ခြင်းနှင့်ပတ်သက်သောအသိပညာပေးခြင်း၊သင်တန်းပေးခြင်း -
- စနစ်တကျဆောင်ရွက်ခြင်း၊

- စက်ပစ္စည်းများကိုအချိန်ဇယားဖြင့် ကြံ့ခိုင်ရေးဆောင်ရွက်ခြင်း
- စည်ပင်သာယာရေးကော်မတီခွင့်ပြုသည့်နေရာများတွင်စွန့်ပစ်ခြင်း။
- ပြန်လည်အသုံးပြုခြင်း။

၇။(ခဃ) ဆူညံသံများအပေါ်ထိခိုက်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့်ကုစားရန် နည်းလမ်းများ

သက်ရောက်မှုနည်းလမ်းများ

- သယ်ယူပို့ဆောင်သည့်ယာဉ်များမောင်းနှင်ရာမှထွက်ပေါ်လာသောဆူညံသံနှင့်တုန်ခါမှုများ။
- ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သည့် စက်ယန္တယားလည်ပတ်မှုများ၊ လျှပ်စစ်မော်တာများ၊ အဝီစိရေပန့်များ။

သက်ရောက်စေသောအကြောင်းအရင်းများ

- စက်ကြံ့ခိုင်ရေးထိန်းသိမ်းမှုအားနည်းခြင်း-(ဥပမာ)စက်ချိန်သားကိုက်မှုမရှိခြင်း၊ စက်ဆီချောဆီများ လဲလှယ်မှု မဆောင်ရွက်ခြင်း၊ စက်ဘတ်ကြိုးများချိန်ညှိရန်လိုခြင်း

ထိခိုက်မှုသက်ရောက်မှုနယ်ပယ်

- စက်ရုံဝန်းကျင်ရှိပြည်သူလူထု။
-လုပ်သားများ။

ထိခိုက်မှုသက်ရောက်မှုအတိုင်းအတာနှင့်အချိန်ကာလ

ပြည်သူလူထုအပေါ်သက်ရောက်မှုနည်းပါးပြီး အချိန်ကာလတိုတောင်းပါသည်။

-ဝန်ထမ်းများအပေါ် သက်ရောက်မှုအတော်အတန်ရှိပြီး အချိန် ကာလာရှည်ကြာပါသည်။

လျှော့ချရန်နည်းလမ်းများ

ပို့ဆောင်ရေးယာဉ်နှင့်စက်ပြုပြင်ထိန်းသိမ်းမှု၊ စက်ဆီချောဆီလဲလှယ်မှုကောင်းမွန်စေခြင်းနှင့် အချိန်မီ ပြုပြင်ခြင်း၊အချိန်ဇယားဖြင့်ဆောင့်ရွက်ခြင်း

– ဝန်ထမ်းများအတွက်အကာအကွယ်ပစ္စည်းများထုတ်ပေးခြင်း။

ရေဆိုးသန့်စင်ရန်နည်းပညာ

တိုင်းတာမှုရလာဒ်များအရ အခြားစွန့်ထုတ်ပစ္စည်းများသည် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လွှတ်မှု စံနှုန်းများနှင့် ညီညွတ်ခြင်း ၊အနည်းငယ်သာ ကွဲလွဲသည်ဖြစ်၍ အစီရင်စာပါ လျှော့ချရန် နည်လမ်းများကို လိုက်နာဆောင်ရွက်ပါက စံနှုန်များနှင့်ကိုက်ညီသွားမည်ဖြစ်ပါသည်။သို့ရာတွင် စွန့်ပစ်ရေ အရည်အသွေး၏ တိုင်းတာမှု ရလာဒ်များသည် စံနှန်းနှင့်သိသာစွာ ကွာခြားနေပါက ရေဆိုးသန့်စင်ခြင်းသည် လက်ရှိဆောင်ရွက်နေသော sedimentation (အဆင့်ဆင့်အနယ်ထိုင်ခြင်း) တစ်မျိုးတည်းနှင့် မလုံလောက်နိုင်သည်ဖြစ်၍ ရေဆိုးသန့်စင်သည့် Myanmar Water Engineering & Product CO..,LTD (MWEP) နှင့် ဆွေးနွေးဆောင်ရွက်လျှက်ရှိပါသည်။

၇။(၁၀)အနံ့အသက်အပေါ်ထိခိုက်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် ကုစားရန်နည်းလမ်းများ

သက်ရောက်မှုနည်းလမ်းများ

–အလုပ်သမားများ၏စားကျွမ်းစားကျန်များစွန့်ပစ်ခြင်း

– လုပ်ငန်းသုံးစွန့်ပစ္စည်းများ၊

သက်ရောက်မှုနယ်ပယ်

စက်ရုံအနီးပတ်ဝန်းကျင်နေပြည်သူလူထုနှင့် စက်ရုံဝန်ထမ်းများ။

ထိခိုက်မှုသက်ရောက်မှုအတိုင်းအတာနှင့်အချိန်ကာလ

– သက်ရောက်မှုအတိုင်းအတာနည်းပါးသည်။ အချိန်ကာလတိုတောင်းပါသည်။

လျှော့ချရန်နည်းလမ်းများ

– လုပ်ငန်းခွင်တွင် အဖုံးပါသောအမှိုက်ပုံးများထားရှိကာ စနစ်တကျစွန့်ပစ်စေခြင်း

၇။(ခစ) -ပတ်ဝန်းကျင်ထိခိုက်မှုများလျော့ပါးသက်သာရေး စီမံချက်

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်အရ အဆိုပြုလုပ်ငန်းများကို လုပ်ဆောင်ရာတွင်ကြီးမားသော ပတ်ဝန်းကျင်ထိခိုက်နိုင်မှု မရှိဘဲပတ်ဝန်းကျင်ဆိုးကျိုးများကို လျော့ပါးသက်သာအောင်ဆောင်ရွက် နိုင်မည့်နည်းလမ်းကို ဖော်ပြထားပြီး လုပ်ငန်းသဘောသဘာဝတူညီသည့် နည်းလမ်းများကို စုစည်း၍ အောက်ဖော်ပြပါ အစီအစဉ်များချမှတ် ဆောင်ရွက် သွားရန်ဖြစ်သည်။

၁။ ပတ်ဝန်းကျင်ရေးရာ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးလုပ်ငန်း

(က) **ရည်ရွယ်ချက်။** ။ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းလုံခြုံရေး အခြေအနေကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပြီးအခြား ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်နိုင်မှုများကို လျော့ပါး သက်သာအောင် ဆောင်ရွက်သွားရန် ဖြစ်သည်။

(ခ) **ရည်ညွှန်း"စံ"သတ်မှတ်ချက်များ။** ။ -ကျန်းမာရေး-ဦးစီးဌာနမှ ထုတ်ပြန်ထားသော လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်လုံခြုံရေး ညွှန်ကြားချက်များကို အခြေခံစံအဖြစ် သတ်မှတ်ကျင့်သုံးသွားရန်ဖြစ်သည်။

(ဂ) **အကောင်ထည်ဖော်ဆောင်ရွက်ခြင်း။** ။လုပ်ငန်းဆိုင်ရာ ပတ်ဝန်းကျင်ရေးရာ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလက်စွဲကို ရည်ညွှန်းပါစံများအတိုင်း သင့်တော်အောင်ရေးဆွဲ၍ လုပ်ငန်းစဉ်များ ဆောင်ရွက် ရာတွင်ဖြစ်ပွားနိုင်သော လူများထိခိုက်ဒဏ်ရာရရှိမှု၊ လေ၊ရေညစ်ညမ်းနိုင်မှုများကို လျှော့ချသွားရန် ဖြစ်သည်။

လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရန် အတွက် သက်ဆိုင်ရာအစိုးရဌာနများက အတည်ပြု အမိန့်/ညွှန် ကြားချက်များတွင်ပါရှိသော ဆောင်ရန်ရှောင်ရန်များလွှမ်းခြုံမှုရှိပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ဖြစ်ပေါ်ပါက ထိခိုက်မှု၊ သေဆုံးမှုနှင့် ဥစ္စာပစ္စည်းပျက်စီး ဆုံးရှုံးမှု မရှိစေရန်နှင့် အနည်းဆုံးဖြစ်စေရန် အောက်ပါ အစီအစဉ်များအတိုင်း ဆောင်ရွက် သွားပါမည်။

(က) **လေ့ကျင့်သင်ကြားပေးမှု**

(၁) အဖွဲ့လိုက်/တစ်ဦးချင်းတာဝန်ရှိမှုနှင့်လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများကို သေချာစွာစာရင်းပြုစုမှတ်သားစေခြင်း။

(၂) အထက်ပါအစီအစဉ်ကို အလုပ်သမားရုံး၊ မီးသတ်၊ ကြက်ခြေနီ စသည့်အဖွဲ့များကို ဖိတ်ခေါ်ပြသ၍ အကြံဉာဏ်ရယူခြင်း။

(၃) အတွေ့အကြုံကြွယ်ဝသည့်အထက်ပါ အဖွဲ့အစည်းများ၏ အကြံ ပြုချက်များကို ဖြည့်စွက်သင်ကြားပေးခြင်း သို့မဟုတ် ၎င်းတို့ ကိုယ်တိုင်တိုက်ရိုက်သင်ကြားပြသ ပေးစေရန် ညှိနှိုင်း ဆောင်ရွက်ခြင်း။

(၄) အလုပ်ရုံစစ်ဆေးရေးနှင့် အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနက အခါအားလျော်စွာ ပြုလုပ်သည့်သင်တန်းများ၊ ကျေးရွာအတွင်း အခါအားလျော်စွာ ကျင်းပသည့် သင်တန်းများသို့ သင်တန်းသား ပို့လွှတ်သင်ယူစေခြင်း၊ ၎င်းတို့နှင့် ချိတ်ဆက်၍ မိမိ လုပ်ငန်းခွင်တွင် ဟောပြောပွဲ၊ သရုပ်ပြပွဲ၊ ရက်တိုဆွေးနွေးပွဲများ စီစဉ်ကျင်းပခြင်း။

(၅) အဖွဲ့လိုက်/တစ်ဦးချင်းကို သရုပ်ပြ လုပ်ဆောင်စေခြင်း၊ လိုအပ် ချက်များ ရှိလျှင် ထပ်မံသင်ကြားပြသပေးခြင်း။

(ခ) **အရေးပေါ် အစီအစဉ်**

(၁) လုပ်ငန်းခွင်အလိုက် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းကိရိယာများ ဖြည့်ဆည်း ပေးထားခြင်း။

(၂) ၎င်းတို့ကိုထိန်းသိမ်းရန်နှင့်ထုတ်ပေးရန်အတွက်အမြဲတမ်းအသင့် ရှိသည့် ဝန်ထမ်း တစ်ဦးကိုရွေးချယ်တာဝန်ပေးအပ်ခြင်း။

(၃) ဖြစ်ပွားသည့်လုပ်ငန်းခွင်နေရာသို့ လိုအပ်သည့် ကယ်ဆယ်ရေး ပစ္စည်းကိရိယာများ၊ ဆေးဝန်ထမ်းအဖွဲ့များနှင့် အနီးအနားမှ စုစည်းရရှိသမျှသော အထောက်အကူပြု ဝန်ထမ်း/ လုပ်သားများ အားလုံးကို အမြန်ဆုံးပို့ဆောင်ပေးခြင်း။

(၄) လူအင်အားနှင့်ကိရိယာများ ထပ်မံလိုအပ်ပါက အမြန်ဆုံး ဖြည့်ဆည်းပေး နိုင်ရန် ချိတ်ဆက်စီစဉ်ခြင်း။

(၅) လိုအပ်ပါကအနီးစပ်ဆုံးဆေးရုံသို့ အမြန်ဆုံး ပို့ဆောင်နိုင်သော မော်တော်ယာဉ် ထားရှိခြင်း။

(၆) ဖြစ်စဉ်ကိုသက်ဆိုင်ရာ အစိုးရဌာန အသီးသီးသို့ သင့်ရာနည်းဖြင့် ကနဦး သတင်းပို့ခြင်း၊ မှတ်တမ်းမှတ်ရာအလို့ငှာစာဖြင့် ပြည့်စုံစွာ ရေးသားတင်ပြခြင်း။

(ဂ) **မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး။**

ခြောက်သွေ့သောပွင့်လင်းရာသီတွင် ဖြစ်ပေါ်တတ်သည့် မီးဘေးအန္တရာယ်မှ ကင်းဝေး စေရန်အတွက် သက်ဆိုင်ရာ အစိုးရဌာနများက အတည်ပြု အမိန့်/ညွှန်ကြားချက်များ တွင်ပါရှိသော ဆောင်ရန်၊ ရှောင်ရန်များ လွှမ်းခြုံမှုရှိစေရန် အကောင်အထည်ဖော် ဆောင်ရွက်

